**ခရစ်နှစ် ၂၀၂၄-ခုနှစ်၊ ဇွန်လ ၂-ရက်၊ မြန်မာနှစ် ၁၃၈၆-ခုနှစ်၊ ကဆုန်လဆုတ် ၁၁-ရက်၊ တနင်္လာနေ့**

**မူရင်းသုတ္တန်ပိဋကတ်ပါဠိတော်များကို လေ့လာခြင်း အစီအစဉ်အရ**

**ခုဒ္ဒကနိကာယ်၊ ဥဒါနပါဠိတော်၊ မေဃိယဝဂ်မှာ လာတဲ့ မေဃိယသုတ္တန်ကို ရွတ်ဖတ်ပူဇော်ကြပါမယ်။**

**မေဃိယသုတ္တန်ကို မရွတ်ဖတ်ခင်မှာ ဒီသုတ္တန် အကြောင်း သိကောင်းစရာ အနှစ်ချုပ်ကို**

**ရှေဦးစွာ ဖတ်ကြား ပူဇော်ကြပါဦးစို့ ..**

------------------------

၁။ မြတ်စွာဘုရားရဲ့ **ပဌမဗောဓိ**-လို့ခေါ်တဲ့ ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးနောက် နှစ်ပေါင်း ၂၀၊ သို့မဟုတ် ဗုဒ္ဓအဖြစ်နဲ့ ဝါတော် ၂၀ အတွင်းမှာ မြတ်ဗုဒ္ဓကို အမြဲတမ်း အလုပ်အကျွေးပြုနေတဲ့ ရဟန်းတော် မရှိသေးပါဘူး။ '**နာ နာ ဥ သု၊ စု နန် သာ မေ**'ဆိုတဲ့ ရဟန်းတော် ရှစ်ပါးအနက် တစ်ပါးပါးက ကြုံသလို တစ်လှည့်စီ အလုပ်အကျွေး ပြုခဲ့ကြပါတယ်။ **နာ** ဆိုတာ အရှင်နာဂသမာလ၊ နောက် **နာ** တစ်ခုက အရှင်နာဂိတ၊ **ဥ** ဆိုတာ အရှင်ဥပဝါဏ၊ **သု** ဆိုတာ သုနက္ခတ္တရဟန်း၊ **စု** ဆိုတာ အရှင်စုန္ဒ၊ **နန်** ဆိုတာ အရှင်နန္ဒ၊ **သာ** ဆိုတာ အရှင်သာဂတ၊ **မေ** ဆိုတာ အရှင်မေဃိယတို့ ဖြစ်ပါတယ်။

၂။ မေဃိယသုတ္တန်ကို ဟောကြားစဉ်က မြတ်ဗုဒ္ဓဟာ **စာလိကာမြို့**အနီးရှိ **စာလိက** တောင်ပေါ်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးတော်မူပါတယ်။ ထိုအချိန်က မြတ်စွာဘုရားကို အလုပ်အကျွေး ပြုနေသူက အရှင်မေဃိယ ဖြစ်ပါတယ်။ တစ်နေ့သောအခါ အရှင်မေဃိယဟာ **ဇန္တု** အမည်ရှိတဲ့ ရွာသို့ ဆွမ်းခံ ကြွပြီး အပြန်မှာ **ကိမိကာဋ္ဌာ** မြစ်ကမ်းတစ်လျှောက် လမ်းလျှောက်ရင်း သာယာတဲ့ သရက်တောအုပ် တစ်ခုကို မြင်တွေ့မိလို့ ထိုတောအုပ်သို့ သွားပြီး တရားအားထုတ်လိုစိတ် ပြင်းပြစွာ ဖြစ်ပေါ်လာတဲ့ အတွက် မြတ်စွာဘုရားထံမှာ ထိုနေရာသို့ သွားခွင့်ပြုဖို့ လျှောက်ထားပါတယ်။

၃။ အဲဒီအခါမှာ ရှင်တော် ဗုဒ္ဓက ငါဘုရား တစ်ပါးတည်းသာ ရှိနေသေးသည့်အတွက် အခြားသော ရဟန်း တစ်ပါး ရောက်လာသည်အထိ ဆိုင်းငံ့ပါဦးလို့ တားမြစ်တော်မူပါတယ်။ အရှင်မေဃိယလည်း မြတ်ဗုဒ္ဓရဲ့ တားမြစ်စကားကို သုံးကြိမ်တိုင်တိုင် မနာခံဘဲ 'မြတ်စွာဘုရားမှာ ပြုဖွယ် မဂ်ကိစ္စ မရှိတော့ပါ။ တပည့်တော်မှာမူ ပြုဖွယ် မဂ်ကိစ္စ ရှိပါသေး၍ တရားအားထုတ်ရန် သွားခွင့်ပြုပါ ဘုရား'ဟု လျှောက်သဖြင့် မြတ်စွာဘုရားက 'မေဃိယ၊ **"တရားအားထုတ်ရန်"**လို့ ဆိုလာသူကို ငါဘုရားသည် ဘယ်လို တားမြစ်စကားကို ဆိုနိုင်ပါမည်လဲ။ သွားလိုက သွားပါတော့'လို့ မိန့်တော်မူပါတယ်။

၄။ ဒီလိုနဲ့ အရှင်မေဃိယဟာ သရက်တောသို့ ထွက်လာခဲ့ပါတယ်။ သရက်တောသို့ ရောက်ပြီး တစ်ပါးတည်း နေမိလျှင်ပင် ကာမအာရုံကို ကြံစည်ခြင်း **ကာမဝိတက်**၊ စိတ်ဆိုးစရာကို ကြံစည်ခြင်း **ဗျာပါဒဝိတက်**၊ နှိပ်စက်မှုကို ကြံစည်ခြင်း **ဝိဟိံသာ ဝိတက်**ဆိုတဲ့ အကုသိုလ် ဝိတက်သုံးမျိုး ဖြစ်ပေါ်လာသဖြင့် ငါကဲ့သို့သော သဒ္ဓါတရားနဲ့ ရဟန်းပြုလာသူ ဖြစ်ပါလျက် ဤသို့သော အကုသိုလ် ဝိတက်သုံးပါး ဘာကြောင့် ဝင်ရောက်လာရပါသလဲလို့ စဉ်းစားပြီး မိမိကိုယ်ကိုပင် အံ့သြနေမိပါတယ်။ ညနေချမ်းအချိန်မှာ ထိုတောအုပ်မှ ပြန်ခဲ့ပြီး အကြောင်းစုံကို မြတ်ဗုဒ္ဓအား လျှောက်ထားပါတယ်။

၅။ အဲဒီအခါမှာ မြတ်စွာဘုရားက 'မေဃိယ၊ ငါဘုရား တားမြစ်ပါလျက်နဲ့ ငါဘုရားကို တစ်ပါးတည်း စွန့်ပြီး ထွက်သွားတာဟာ ဝန်လေးတဲ့ အလုပ်ဖြစ်တယ်။ **ဘိက္ခုနာ နာမ ဧဝံ စိတ္တ.ဝသိကေန ဘဝိတုံ န ဝဋ္ဋတိ** = ရဟန်းဆိုတာ ဤကဲ့သို့ စိတ်အလိုသို့လိုက်သူ မဖြစ်သင့်။ ကိုယ်က စိတ်အလိုကို မလိုက်ဘဲ စိတ်ကိုသာ ကိုယ့်အလိုသို့ လိုက်အောင် ကျင့်ကြံရမယ်။ မြားလုပ်သူဟာ မြားလုပ်မဲ့ ဝါးရိုင်းကို မီးမြှိုက်ပြီး ဖြောင့်အောင်လုပ်သလို ပညာရှိပုဂ္ဂိုလ်ဟာ အာရုံအမျိုးမျိုးသို့ ပြေးနေတဲ့ စိတ်ရိုင်းကို သမထ ဝိပဿနာ ဆိုတဲ့ မီးမှာတင်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနဲ့ ဖြောင့်တန်းအောင် လုပ်ရမယ်။

၆။ အင်မတန် ဆိုးတဲ့ နွားရိုင်းကလေးကို လည်ပင်းမှာ ကြိုးနဲ့ချည်ပြီး တိုင်မှာ အဲဒီကြိုးစကို ချည်ထားရင် ချည်ခါစမှာ နွားကလေး ရုန်းကန်နေမယ်။ ရုန်းလို့မရတဲ့ တစ်ချိန်မှာတော့ ဒီတိုင်ခြေမှာပဲ ခွေပြီးတော့ အိပ်တယ်။ ထို့အတူပဲ မိမိရဲ့ စိတ်ဆိုတဲ့ နွားရိုင်းကို သတိဆိုတဲ့ ကြိုးတပ်ပြီး သမထ ဝိပဿနာ အာရုံဆိုတဲ့ တိုင်မှာချည်ထား။ အစမှာ စိတ်ဟာ ရုန်းကန်မယ်။ ဒါပေမယ့် **သတိကြိုး**နဲ့ ခိုင်ခိုင်ချည်ထားနိုင်ရင် မရုန်းနိုင်တော့ဘဲ သမထဝိပဿနာ အာရုံဆိုတဲ့ တိုင်ခြေမှာ ငြိမ်နေပါလိမ့်မယ်။ မြတ်ဗုဒ္ဓက အဲဒီလို ဩဝါဒပေးတဲ့အခါမှာ အရှင်မေဃိယ သောတာပန် အဖြစ်ကို ရသွားပါတယ်။

၇။ မေဃိယသုတ္တန်မှာ **ဝိမုတ္တိ.ပရိပါစနီယတရား** ငါးမျိုးကို မြတ်ဗုဒ္ဓ ဆက်လက်ပြီး ဟောတော်မူပါတယ်။ အရဟတ္တဖိုလ်ဟူသော စေတောဝိမုတ္တိကို ရင့်ကျက်စေနိုင်တဲ့ တရားငါးမျိုးလို့ အဓိပ္ပာယ်ရပါတယ်။ တစ်ဆယ့်ငါးမျိုး ရှိတဲ့အနက် ဒီသုတ္တန်မှာ အရှင်မေဃိယရဲ့ စရိုက်နဲ့ ကိုက်ညီရှိတဲ့ ငါးမျိုးကိုသာ ဟောတော်မူပါတယ်။ အဲဒီတရား ငါးမျိုးမှာ .. ၁) **ကလျာဏမိတ္တ** = မိတ်ဆွေကောင်း ရှိခြင်း ၂) **သီလဝါ** = သီလနဲ့ ပြည့်စုံခြင်း ၃) **ကထာသမ္ပန္န** = စကားဆယ်ပါးကို ရလွယ်သူ ဖြစ်ခြင်း ၄) **အာရဒ္ဓဝီရိယ** = သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိခြင်း ၅) **ပညဝါ** = ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံခြင်းတို့ ဖြစ်ပါတယ်။

၈။ အဲဒီတရား ငါးမျိုးထဲမှာ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းမိဖို့ အရေးအကြီးဆုံး ဖြစ်ပါတယ်။ ဒီတစ်ခု ပြည့်စုံရင် ကျန်လေးမျိုးလုံး ပြည့်စုံတယ်။ အခါတစ်ပါး အရှင်အာနန္ဒာက 'မိတ်ဆွေကောင်းနဲ့ ပေါင်းမိရင် သာသနာအတွက် တစ်ဝက် ခရီးရောက်တယ်'လို့ လျှောက်တဲ့အခါ မြတ်ဗုဒ္ဓက '**မာဟေဝံ အာနန္ဒ** = ဒီလို မပြောနဲ့ အာနန္ဒာ။ **သကလမေဝ.ဟိဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ** = မိတ်ဆွေကောင်းနဲ့ ပေါင်းမိရင် သာသနာအတွက် ကိစ္စအားလုံး ပြီးတယ်'လို့ မိန့်တော်မူပါတယ်။ ဒါကြောင့် မိတ်ဆွေကောင်းနဲ့ တွေ့ရင် အရဟတ္တဖိုလ်ကို ရဖို့ အလင်းရောက်လာပြီလို့ ဆိုနိုင်ပါတယ်။

၉။ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းမိတဲ့အခါ ၁) **ပါတိမောက္ခသံဝရ** = ရဟန်းတစ်ပါးအဖို့ ၂၂၇ ပါးသော ဝိနည်းသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်း ၂) **အာစာရဂေါစရ** = မကျက်စားအပ်တဲ့ အရပ်စသည်ကို ရှောင်ပြီး မိမိကျင့်ရမယ့် ကိုယ်အကျင့် နှုတ်အကျင့် စိတ်အကျင့်နဲ့ မိမိကျက်စားရမယ့် သမထ ဝိပဿနာ ဘာဝနာအာရုံနဲ့ ပြည့်စုံခြင်း ၃) **အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ** = သေးငယ်တဲ့ အပြစ်ကို အပြစ်ကြီးလို့ မှတ်ယူခြင်း ၄) **သမာဒါယ သိက္ခတိ သိက္ခာပဒေသု** = သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်ပြီး ကျင့်ကြံခြင်းတို့ဖြင့် သီလကို လုံခြုံအောင် ထိန်းနိုင်တယ်။

၁၀။ ရဟန်းပုဂ္ဂိုလ်ဟာ အရိယာမဂ်ဖိုလ်အား လျှောက်ပတ်တဲ့ **စကားကြီးဆယ်မျိုး**ကို ပြောဆိုရမယ် .. ၁) အလိုနည်းမှုနဲ့ ဆိုင်တဲ့ စကား ၂) ရောင့်ရဲလွယ်ခြင်းနဲ့ ဆိုင်တဲ့ စကား ၃) အာရုံငါးပါးမှ ကင်းဆိတ်တဲ့ စကား ၄) ရောနှောမှုမှ လွတ်ကင်းတဲ့စကား ၅) သမ္မပ္ပဓာန်ဝီရိယနှင့်ဆိုင်တဲ့ စကား ၆) သီလနဲ့ ပတ်သက်တဲ့စကား ၇) သမာဓိနဲ့ ဆိုင်တဲ့စကား ၈) ဈာန်ပညာ မဂ်ဖိုလ်ပညာနဲ့ ဆိုင်တဲ့စကား ၉) ကိလေသာ လွတ်မြောက်မှုနဲ့ ဆိုင်တဲ့စကား ၁၀) ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆိုင်တဲ့စကား။ ဤစကားကြီး ဆယ်မျိုးကို ရလွယ်ရင် မိမိသန္တာန်မှာ မရသေးတဲ့ အရဟတ္တဖိုလ်ကို မြန်မြန် ရနိုင်တယ်။

၁၁။ လေးခုမြောက်ဖြစ်တဲ့ အရဟတ္တဖိုလ်ကို ရင့်သန်စေတဲ့ **ဝိမုတ္တိ.ပရိပါစနီယတရား**က အကုသိုလ်တရားတွေကို ပယ်ရှားပြီး ကုသိုလ်တရားတွေကို ပွားများဖို့အတွက် သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိခြင်း ဖြစ်ပါတယ်။ **ထာမဝါ** = ခွန်အားဗလနှင့် ပြည့်စုံရမယ်။ **ဒဠှပရက္ကမ** = မြဲမြံခိုင်ခံ့တဲ့ လုံ့လဝီရိယ ရှိရမယ်။ **အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု** = သူရောကိုယ်ပါ အပြစ်မရှိဘဲ ကောင်းသော အကျိုးကို ဖြစ်စေတဲ့ ကုသိုလ်တရားမှန်ရင် လုံ့လဝီရိယဆိုတဲ့ ဦးခေါင်းကို ဘယ်တော့မှ မချထားရဘူး။ လုံ့လဝီရိယနှင့် ပြည့်စုံသူမှာ စေတောဝိမုတ္တိလို့ ခေါ်တဲ့ အရဟတ္တဖိုလ် မြန်မြန် ရင့်သန်လာနိုင်ပါတယ်။

၁၂။ နောက်ဆုံး ပြည့်စုံရမယ့် တရားက **ပညဝါ** = ပညာရှိခြင်း ဖြစ်ပါတယ်။ သာသနဝန်ထန်း ရဟန်းတော်ဟာ ဖြူစင်သော၊ ကိလေသာတို့ကို ဖောက်ထွင်းနိုင်သော၊ ဒုက္ခကုန်ရာ မဂ်ဖိုလ်သို့ ကောင်းစွာ ရောက်စေနိုင်သော၊ ရုပ်နာမ်ဓမ္မတို့ရဲ့ အဖြစ်အပျက်ကို သိလေ့ မြင်လေ့ရှိသော ပညာနှင့် ပြည့်စုံရမယ်။ ရဟန်းတော်သည် **ဥဒယဗ္ဗယဉာဏ်**နှင့် ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက် သဘာဝကို သိမြင်တဲ့ ဥဒယဗ္ဗယဉာဏ် မရှိတဲ့ ပုဂ္ဂိုလ်ဟာ နိကာယ်ငါးရပ်ကို တစ်ဖက်ကမ်းပေါက်အောင် တတ်ကျွမ်းသော်လည်း ပညာရှိလို့ မဆိုနိုင်ကြောင်း ကျမ်းဂန်မှာ ပြဆိုပါတယ်။

၁၃။ ကမ္မဋ္ဌာန်းရှုမှတ်နေတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်ဟာ ဖော်ပြပါ အရဟတ္တဖိုလ်ကို ရင့်သန်စေတဲ့ **ဝိမုတ္တိ. ပရိပါစနီယတရား** တရားငါးပါးမှာ အမြဲတည်နေရမယ်။ ဒီတရားငါးပါးနဲ့ ပြည့်စုံမှုဟာ ငါ့ရဲ့ အဓိက အလုပ်ဖြစ်တယ်။ 'ငါသည် မိတ်ဆွေကောင်း ရှိရမယ်။ ငါသည် သီလနှင့် ပြည့်စုံရမယ်။ ငါသည် ကထာ ဆယ်ပါးကို ရလွယ်သူ ဖြစ်ရမယ်။ ငါသည် သမ္မပ္ပဓာန် လုံ့လဝီရိယရှိသူ ဖြစ်ရမယ်။ ငါသည် ဥဒယဗ္ဗယ ဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ရမယ်'လို့ အပြောတင် မဟုတ်ဘဲ လက်တွေ့ ပြည့်စုံအောင် လုပ်တယ်။ အဲဒီလို ပြည့်စုံအောင် လုပ်ရင် အဲဒီ တရားငါးပါးမှာ အဲဒီ ယောဂီပုဂ္ဂိုလ် တည်ပါတယ်။

၁၄။ အဲဒီ တရားငါးမျိုးမှာ တည်ပြီးဖြစ်တဲ့ ဝိပဿနာတရား အားထုတ်သူဟာ **လယ်ရိတ်သမား**ကဲ့သို့ ကျင့်ရတယ်။ လယ်နှင့်တူတဲ့ ရုပ်နာမ် တရားတွေကို ဥဒယဗ္ဗယဉာဏ် တံစဉ်နဲ့ ရှုမှတ်နေစဉ် နွားနဲ့တူတဲ့ ရာဂ ဗျာပါဒ မိစ္ဆာဝိတက်တွေ ဝင်လာရင် ဥဒယဗ္ဗယဉာဏ် တံစဉ်ကို အသာချပြီး ရာဂကို ပယ်ရှားဖို့ အသုဘ ကမ္မဋ္ဌာန်းကို၊ ဗျာပါဒ(ဒေါသ)ကို ပယ်ရှားဖို့ မေတ္တာကမ္မဋ္ဌာန်းကို၊ အကြံမှားတွေကို ပယ်ဖျောက်ဖို့ အာနာပါနသတိကို၊ ငါဟူသော မာန်ကို ပယ်ဖျောက်ဖို့ အနိစ္စသညာကို ပွားများရပါတယ်။ **အနိစ္စ-သညိနော ဟိ အနတ္တသညာ သဏ္ဌာတိ** = အနိစ္စသညာရှိရင် အနတ္တသညာ ထင်ရှားပါတယ်။

၁၅။ အရှင်မေဃိယရဲ့ သန္တာန်မှာ အကုသိုလ်တွေ ဝင်ပြီး ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်မှာမူ အကုသိုလ် ဝိတက်တွေ မဝင်နိုင်တော့ကြောင်း သိမြင်တော်မူတဲ့အတွက် မြတ်ဗုဒ္ဓသည် '**ဝိတက်ကြီးကိုးပါး**ကို အရိယမဂ်ဉာဏ်၊ ဝိပဿနာဉာဏ်တို့ဖြင့် ကောင်းစွာ မသိကြတဲ့ အန္ဓဗာလ ပုထုဇဉ်တို့သည် ဘဝကြိမ်ဖန် တပြောင်းပြန်ပြန် မရပ်မနား ပြေးသွားနေကြရတယ်။ သတိနှင့် ပြည့်စုံ သော၊ သမ္မပ္ပဓာန် ဝီရိယရှိသော၊ အရိယမဂ်ပညာရှိသော ပုဂ္ဂိုလ်သူမြတ်သည်ကား ဤအကုသိုလ် ဝိတက်ကိုးမျိုးကို အရိယမဂ်ဖြင့် မိမိ သန္တာန်၌ မဖြစ်ပွားအောင် ပိတ်ဆို့နိုင်ကြတယ်'လို့ **ဥဒါန်းကျူး**ရင့်တော်မူပါတယ်။

၁၆။ ဤအကုသိုလ် **ဝိတက်ကြီးကိုးပါး**ကို အကျဉ်းမျှဖော်ပြရရင် .. ကာမဝိတက် (ကာမကိုကြံခြင်း)၊ ဗျာပါဒဝိတက် (ဒေါသဖြင့် ကြံခြင်း)၊ ဝိဟိံသာဝိတက် (ဖျက်ဆီးရန် ကြံခြင်း)ဆိုတဲ့ **ခုဒ္ဒဝိတက်** (ဝိတက်ကြမ်း) ၃-မျိုးနှင့် ဇနပဒဝိတက် (မိမိမြို့ရွာနိုင်ငံကို ကြံခြင်း)၊ ဉာတိဝိတက် (ဆွေမျိုးအကြောင်းကို ကြံခြင်း)၊ အ-မရဝိတက် (မသေရန် ကြံစည်ခြင်း)၊ ပရာနုဒ္ဒယ (သူတစ်ပါးတို့အား သနားသည့် အကြံ)၊ လာဘ သက္ကာရ သိလောက (လာဘ်ပေါ ကျော်စောရန် အကြံ)၊ အန.ဝညတ္တိ (မိမိကို သူတစ်ပါးတို့ အထင် မသေးစေလိုတဲ့ အကြံ)ဆိုတဲ့ **သုခုမဝိတက်** (သိမ်မွေ့တဲ့ အကြံ) ၆-မျိုးတို့ ဖြစ်ပါတယ်။

၁၇။ ပုထုဇဉ်တို့ရဲ့ စိတ်အစဉ်ဟာ ဖော်ပြပါ **ဝိတက်ကြီးကိုးမျိုး** နောက်သို့ အမြဲတစေ လိုက်နေတယ်။ ဝိပဿနာပညာ အရိယမဂ် ပညာတွေရှိတဲ့ ယောဂီသူတော်ကောင်းတို့သည်ကား အဲဒီပညာနဲ့ ယှဉ်တဲ့ ဝီရိယ၊ သတိရှိပြီး အဲဒီ ဝိတက်တွေကို ဖြစ်ပေါ်မလာခင် ကြိုတင်ပြီး ပိတ်ဆို့ထားနိုင်တယ်။ ဒါကြောင့် '**ဇေ ဘူတော**၊ ဤသို့ ဝိတက်ကိုးပါးကို ဝိပဿနာပညာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပယ်ရှားနိုင်တဲ့ ပုဂ္ဂိုလ် သည်။ **ဗုဒ္ဓေါ**၊ စတုသစ္စဗုဒ္ဓခေါ်ဆို ပုဂ္ဂိုလ်သူမြတ် ဖြစ်လတ်၍။ **အသေသံ**၊ အကြွင်းမဲ့။ **ဧတေ**၊ ဤ ဝိတက်ကြီး ကိုးပါးတို့ကို။ **ပ.ဇဟာသိ**၊ ပယ်စွန့်နိုင်၏'လို့ မြတ်ဗုဒ္ဓ ဟောကြားပါတယ်။

၁၈။ ဤမေဃိယသုတ္တန်ရဲ့ အဆုံးမှာ မြတ်ဗုဒ္ဓသည် ဂါထာနှစ်ပုဒ်ဖြင့် ဥဒါန်းကျူးရင့်တော်မူပါတယ်။ အရှင်မေဃိယလို ပုထုဇဉ်တို့ သန္တာန်မှာ အကုသိုလ် ဝိတက်တွေ ဝင်ရောက် နှိပ်စက်တာကို မြင်သိရလို့ '**ခုဒ္ဒါ ဝိတက္ကာ သုခုမာ ဝိတက္ကာ**'အစချီတဲ့ ပထမဂါထာကို၊ ဗုဒ္ဓကိုယ်တော်မြတ် ကိုယ်တိုင်မှာမူ အဲဒီ အကုသိုလ် ဝိတက်တွေကို အကြွင်းမဲ့ ပယ်ရှားပြီးဖြစ်လို့ ဝမ်းမြောက်ပီတိ ဖြစ်တဲ့အတွက် '**ဧတေ စ ဝိဒ္ဒါ မနသော ဝိတက္ကေ**' အစချီတဲ့ ဒုတိယ ဂါထာကို ဆီအိုးထဲ ဆီပြည့်လို့ မဆံ့တဲ့ဆီတွေ အပေါ်ကို လျှံတက် သလို ဝမ်းထဲမဆံ့ဘဲ ဂါထာသံတွေအဖြစ် ဥဒါန်းကျူးရင့်တော်မူခြင်း ဖြစ်ပါတယ်။

၁၉။ ဤမေဃိယသုတ္တန် ဒေသနာကို ရွတ်ဖတ်နာယူတဲ့ ကုသိုလ်စေတနာကြောင့် **သန္တိလက္ခဏာ** (ငြိမ်း ခြင်းလက္ခဏာ)၊ **အစ္စုတိရသ** (မသေခြင်းကိစ္စ)ရှိသော နိဗ္ဗာန်တရားထူးကို မျက်မှောက်ပြုရန် ရည်သန် ပါတယ်။ ကမ္ဘာလွှမ်းပတ် မနောဓာတ်ဖြင့် ကြည်ဆွတ်သဒ္ဓါ ပြည့်စုံကြပါသော **ဝင်းမေတ္တာ** သူတော် ကောင်း အပေါင်းတို့ .. အရဟတ္တဖိုလ်ကို ရင့်သန်စေတဲ့ တရားငါးမျိုးကို ပြည့်စုံစေပြီးလျှင် အကုသိုလ် ဝိတက်ကြီး ကိုးမျိုးကို ပိတ်ပင်တားဆီး၍ အရိယာအဖြစ်ကို ဆိုက်ရောက်နိုင်သည့် ဤ '**မေဃိယသုတ္တ**' မည်ရသည့ ဒေသနာတော်မြတ်ကို ညွတ်တွားကော်ရော် ရွတ်ပွား ပူဇော်ကြပါစို့။

---------------------